大阪府 **第4弾!** 大阪府子ども食費支援事業

# အိုဆာကာစီရင်စု ကလေးများအတွက် အစားအသောက်စရိတ်ထောက်ပံ့မှုအစီအစဉ် (၄ ကြိမ်မြောက်) လျှောက်လွှာလမ်းညွှန်

မကြာသေးမီက ကုန်ဈေးနှုန်းမြင့်တက်ခြင်းသည် အချိန်ကြာမြင့်လာပြီး စားသောက်ကုန်ဈေးနှုန်းမြင့်တက်လာခြင်းကြောင့် အိမ်တွင်းအသုံးစရိတ်အတွက် အကြပ်အတည်းတိုးပွားလာနေသည်။ အထူးသဖြင့် ကလေးပြုစုပျိုးထောင်နေရသော အိမ်ထောင်စုများသည် အစားအသောက်စရိတ်မြင့်တက်လာခြင်းက ပြင်းထန်စွာ အကျိုးသက်ရောက်နေသည်။

ဤအခြေအနေကြောင့် အိုဆာကာစီရင်စုတွင် နေထိုင်သော ကလေးများအားလုံးအတွက် ဆန် သို့မဟုတ် အခြားအစားအစာများကို ပံ့ပိုးပေးပါမည်။

◆ **လျှောက်လွှာလက်ခံကာလ- 2025 ခုနှစ် ၊ ဇွန်လ 2 ရက်(တနင်္လာနေ့) 9:00 နာရီ မှ စက်တင်ဘာလ 1 ရက် (တနင်္လာနေ့)23:59 နာရီအထိ**

* စာတိုက်မှတစ်ဆင့်လျှောက်ထားပါက လျှောက်လွှာကို စက်တင်ဘာလ ၁ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

◆ **လျှောက်လွှာအောင်မြင်ပြီးနောက် ထောက်ပံ့ပစ္စည်းအမျိုးအစားကို လျှောက်ထားရန် နောက်ဆုံးရက်။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၃၀ရက်၊ (တနင်္ဂနွေနေ့)**

"Rice PAY Osaka (ဆန်ကူပွန်)" ၏အသုံးပြုနိုင်သည့်ကာလသည် 2025 ခုနှစ်၊ နိုဝင်ဘာလ 30 ရက်၊ တနင်္ဂနွေနေ့အထိဖြစ်သည်။

* နောက်ဆုံးရက်မတိုင်မီတွင် သင်အလိုရှိသော မည်သည့်ပံ့ပိုးမှုအမျိုးအစားကို မတောင်းဆိုပါက၊ သင်၏လျှောက်လွှာကို ရုပ်သိမ်းလိုက်ပြီဟု ကျွန်ုပ်တို့ယူဆပါမည်။

## အစားအသောက် ပံ့ပိုးမှု အမျိုးအစားများ

**A.“Rice PAY Osaka (ဆန်ကူပွန်)” သို့မဟုတ် B. “အခြားသောအစားအစာပစ္စည်း (အစားအစာပစ္စည်းရွေးချယ်မှုစာမျက်နှာမှ အခြားသောအစားအစာကို ရွေးချယ်ပါ။)”**

* ပစ္စည်းတစ်ခုစီသည် အခွန်နှင့် ပို့ဆောင်ခများအပါအဝင် ယန်း 7,000 တန်ဖိုးရှိသည်။

* ဆန်ကူပွန်ကို ဆန် (အဖြူ၊ အညို သို့မဟုတ် အစေ့ထုတ်ဆန်) နှင့်သာ လဲလှယ်နိုင်သည်။ ဆန်ပြုတ် သို့မဟုတ် ပဲမျိုးစုံဆန်အတွက် အသုံးမပြုနိုင်ပါ။

## ပံ့ပိုးမှုအတွက် သတ်မှတ်ချက် ကိုက်ညီသူ

| (၁) အသက် ၁၈ နှစ်အောက် ကလေး | (၂) ကိုယ်ဝန်ဆောင်မိခင်များ |
|---|---|
| **ဧပြီလ 2 ရက် 2007 ခုနှစ်နောက်ပိုင်းတွင် မွေးဖွားသူများ။** | **လျှောက်ထားချိန်တွင်ကိုယ်ဝန်ရှိနေသောသူ။**<br>* ကိုယ်ဝန်ရှိနေကြောင်း သက်သေပြနိုင်သော စာရွက်စာတမ်း လိုအပ်ပါသည်။<br>(ဥပမာ၊ မိခင်နှင့်ကလေးကျန်းမာရေးလက်စွဲစာအုပ်) |

## လျှောက်လွှာတင်ခြင်း ကိုလုပ်ဆောင်နိုင်သူ

| (၁) အသက် ၁၈ နှစ်အောက် ကလေး | (၂) ကိုယ်ဝန်ဆောင်မိခင်များ |
|---|---|
| **ကလေး၏အုပ်ထိန်းသူ***<br>* “အုပ်ထိန်းသူ” တွင်- မိဘအုပ်ထိန်းသူ၊ ကလေး၏ သတ်မှတ်ထားသော အုပ်ထိန်းသူ သို့မဟုတ် ကလေးအား ပြုစုစောင့်ရှောက်နေသည့် အခြားလူကြီးတစ်ဦး ပါဝင်သည်။ | **ကိုယ်ဝန်ဆောင်မိခင်ဖြစ်လျှင်ကိုယ်တိုင် လျှောက်ထားပါ။** |

## လျှောက်လွှာ လုပ်ငန်းစဉ်

1. မလျှောက်ထားမီ အောက်ဖော်ပြပါ သီးသန့်ဝက်ဘ်ဆိုဒ်စာမျက်နှာ၏ အကြောင်းအရာများကို အတည်ပြုဖတ်သားပြီးမှလျှောက်ထားပါ။
   (စက်တင်ဘာလ 1 ရက်၊ 2025 အထိ ရရှိနိုင်ပါသည်။)  https://osaka-kodomoshien.com
2. သင်၏တင်သွင်းထားသောလျှောက်လွှာကို အိုဆာကာစီရင်စုအစိုးရမှ ပြန်လည်စစ်ဆေးမည်ဖြစ်သည်။
   (သင့်လျှောက်လွှာတွင် အမှားအယွင်းများရှိပါက သို့မဟုတ် မပြည့်စုံပါက၊ ကျွန်ုပ်တို့သည် သင့်အား တစ်ဦးချင်းဆက်သွယ်ပေးပါမည်။)
3. သုံးသပ်ချက်၏ရလဒ်များကို သင်ပေးထားသည့် အီးမေးလ်လိပ်စာသို့ ပေးပို့မည်ဖြစ်သည်။
4. လျှောက်ထားချက် အောင်မြင်ကြောင်း အတည်ပြုခံရသူများအား ၎င်းတို့၏ စားနပ်ရိက္ခာပံ့ပိုးမှုအတွက်လျှောက်ထားရန်လုပ်ငန်းစဉ်အား အကြောင်းကြားမည်ဖြစ်သည့်အတွက် ညွှန်ကြားချက်နှင့်တကွဆက်လက်လုပ်ဆောင်ပါ။ (နိုဝင်ဘာလ 30ရက်၊ 2025ခုနှစ် နောက်ဆုံးထား လျှောက်ထားပါ*) (*ဆန်ကူပွန်သည် 2025 ခုနှစ် နိုဝင်ဘာလ 30 ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။)
5. **[အစားအသောက်ရွေးချယ်မှုစာမျက်နှာမှ “A” ကို ရွေးချယ်သူများ]** ဖြည့်သွင်းရန်ကုဒ်( စာလုံးရေ 20)ကိုဖော်ပြထားသော အီးမေးလ်တစ်စောင်ကို ပေးပို့ပါမည်။
   Region PAY အက်ပ်တွင် “Rice PAY Osaka (ဆန်ကူပွန်)” ကို ဖြည့်သွင်းပြီး သတ်ဆိုင်ရာဆိုင်များတွင် ဆန်ဝယ်ယူပါ။
   **[အစားအသောက်ရွေးချယ်မှုစာမျက်နှာမှ "B" ကိုရွေးချယ်သူများ]** သင်ရွေးချယ်ထားသော ပစ္စည်းများကို သင့်ထံ အရောက်ပို့ပေးပါမည်။.

## အထောက်အထား စီစစ်ရေး စာရွက်စာတမ်းများ

**[လက်ခံသူနှင့် လျှောက်ထားသူနှစ်ဦးစလုံးရဲ့သက်သေခံအထောက်အထား စီစစ်ရေးစာရွက်စာတမ်းများ လိုအပ်ပါသည်။]**

ကာယကံရှင်ဖြစ်ကြောင်း အတည်ပြုခြင်းစာရွက်စာတမ်းသည် သင့်အမည်၊ နေရပ်လိပ်စာနှင့် မွေးသက္ကရာဇ်ပါရှိသော အစိုးရအဖွဲ့အစည်းမှ ထုတ်ပေးသော စာရွက်စာတမ်းဖြစ်သည်။

ဥပမာ "my number" ကဒ် (အရှေ့တစ်ခြမ်းသာ)၊ ယာဉ်မောင်းလိုင်စင်၊ နေထိုင်ခွင့်(ဇိုင်းလျူး)ကဒ်၊ အထူးအမြဲတမ်းနေထိုင်ခွင့်လက်မှတ်၊ ကျန်းမာရေးအာမခံကဒ်၊ လူမှုဖူလုံရေးလက်ခံသူကဒ်၊ နေထိုင်ခွင့်လက်မှတ် (အိမ်ထောင်ဦးစီးနှင့် မိသားစုဆက်ဆံရေး (“my number " မဖော်ပြထားသောကဒ်)၊ လက်ခံသူကိုယ်တိုင်က အိမ်ထောင်ဦးစီး သို့မဟုတ် မိဘအုပ်ထိန်းသူမဟုတ်သောအိမ်ထောင်စုဖြစ်လျှင် ဤလက်မှတ်လဲ လိုအပ်ပါသည်။

※ထို့အပြင် မွေးစားမိဘများသည် မွေးစားခြင်းဆိုင်ရာ လက်မှတ်လိုအပ်ပြီး ကိုယ်ဝန်ဆောင်မိခင်များသည် ၎င်းတို့၏မိခင်နှင့်ကလေးကျန်းမာရေးလက်စွဲစာအုပ် လိုအပ်ပါသည်။

## လျှောက်လွှာမှ သတိပြုရန်အချက်

- လျှောက်လွှာများကို အင်တာနက်မှတစ်ဆင့် တင်သွင်းရမည်ဖြစ်သည်။
- အရည်အချင်းပြည့်မီသော လက်ခံသူတစ်ဦးအတွက် လျှောက်လွှာ တစ်ကြိမ်သာ တင်သွင်းရပါမည်။
- အထက်ဖော်ပြချက်နံပါတ်(၂)မှ ကိုယ်ဝန်ဆောင်မိခင်များအဖြစ် ထောက်ပံ့မှုရရှိပြီးဖြစ်သော အမျိုးသမီးများမှမွေးဖွားသော ကလေးများသည် သတ်မှတ်ချက်အရည်အချင်းမပြည့်မီပါ။
- မူအရ၊ ထောက်ပံ့မည့်ပစ္စည်းများကို သတ်မှတ်လက်ခံသူ၏လိပ်စာသို့ ပေးပို့မည်ဖြစ်သည်။
- နောက်ဆုံးရက်တွင် သင်၏စားနပ်ရိက္ခာထောက်ပံ့မှုတောင်းဆိုမှုကို ကျွန်ုပ်တို့မရရှိပါက၊ သင့်လျှောက်လွှာကို ရုပ်သိမ်းလိုက်ပြီဟု ကျွန်ုပ်တို့ယူဆပါမည်။
- လျှောက်လွှာကို အတည်ပြုပြီးသည့်နောက်တွင်၊ လျှောက်လွှာလိုအပ်ချက်များနှင့် မကိုက်ညီကြောင်း အတည်ပြုခံရပါက ပေးအပ်မှုကို ရုပ်သိမ်းပါမည်။

ဤအစီအစဉ်နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းရန်-

**အိုဆာကာစီရင်စုကလေးများ၏ အစားအသောက်စရိတ်ပံ့ပိုးမှုအစီအစဉ်အတွက် ခေါ်ဆိုမှုစင်တာ** **TEL: 0120-479-208**

[လည်ပတ်ချိန်] 9:00-18:00 (တနင်္ဂနွေနေ့ သို့မဟုတ် အားလပ်ပိတ်ရက်များတွင် မရနိုင်ပါ။) < လျှောက်လွှာတင်သည့်ကာလ ကုန်ဆုံးပြီးနောက်၊ ကြားရက်များသာဖြစ်သည်။ >

* အကယ်၍ သင်သည် အွန်လိုင်းတွင် လျှောက်ထားလို့မရပါက၊ ဖုန်းခေါ်ဆိုမှုစင်တာသို့ ဆက်သွယ်ပါ။

ဤပရိုဂရမ်ကို ကုန်ဈေးနှုန်းတက်ခြင်းအပေါ် ရင်ဆိုင်ဖြေရှင်းထောက်ပံ့ရန်အာရုံစိုက်ထားသော ဒေသတွင်း အရေးပေါ် ကယ်ဆယ်ရေးမှ ပံ့ပိုးပေးပါသည်။